Chin National Community - Japan

在日チン族協会

**ချင်းတိုင်းရင်းသားများအဖွဲ့အစည်း – ဂျပန်**


27th January 2007

# ဝမ်းနည်းကြောင်းသဝဏ်လွှာ

မြန်မာနိုင်ငံ၏အမျိုးသားနိုင်ငံ့ဂုဏ်ဆောင် ကဗျာဆရာကြီး (ဦး)တင်မိုး(၇၄)နှစ်သည် ၂၀၀၇ ခုနှစ် ဇန်နဝါရီလ (၂၂) ရက်နေ့တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်းကို ကြားသိရပါသဖြင့်၊ ဂျပန်နိုင်ငံရောက် ချင်းတိုင်းရင်းသားများအဖွဲ့အစည်း–ဂျပန်၊ Chin National Community-Japan (CNC-Japan)မှ ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ အတိုင်းမသိဝမ်းနည်းကြေကွဲရပါသည်။

ဆရာကြီး (ဦး)တင်မိုးသည် တစ်ပါတီအာဏာရှင်ဆန့်ကျင်ရေး၊ မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးအတွက် ကလောင်လက်နက်ကိုကိုင်ဆွဲပြီး၊ ရဲရင့်စွာ တိုက်ပွဲဝင်ခဲ့သူတဦး ဖြစ်ပါသည်။ ဆရာကြီးသည် မြန်မာစာပေနှင့်ယဉ်ကျေးမှုကို မြှင့်တင်ခဲ့သူတစ်ဦးလည်း ဖြစ်ပါသည်။ ဆရာကြီးကွယ်လွန်သွားခြင်းကြောင့် ဒီမိုကရေစီတော်လှန်ရေးအတွက်သာမက၊ မြန်မာစာပေယဉ်ကျေးမှုနှင့် မြန်မာနိုင်ငံသားများအတွက် အစားထိုးမရနိုင်သည့် ဆုံးရှုံးမှုကြီးဖြစ်ပါသည်။

ချင်းတိုင်းရင်းသားများအဖွဲ့အစည်း–ဂျပန်၊ Chin National Community-Japan (CNC-Japan)အနေနှင့်၊ ဆရာကြီး၏ မြန်မာနိုင်ငံဒီမိုကရေစီရေးအတွက် ကလောင်လက်နက်ဖြင့် တိုက်ပွဲဝင်ခဲ့သော စွမ်းဆောင်မှုများအား၊ အစဉ်ထာဝရ လေးစားဂုဏ်ပြုနေမည် ဖြစ်ပါသည်။

ဆရာကြီး၏မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲလျက်

ချင်းတိုင်းရင်းသားများအဖွဲ့အစည်း–ဂျပန်
Chin National Community-Japan (CNC-Japan)


1-11-13 Shin Ohashi, Yonezawa 4.F., Koto-Ku 135-0007 Tokyo, Japan., cnc_jp@yahoo.com


*Jhk*